လူတို့သည် ကိယာမသ်နေ့တွင် ခြေဗလာ၊ အဝတ်ဗလာ၊

ခသ်နဟ်မလုပ်ကြရသေးသူများအဖြစ်နဲ့

စုရုံးစေခြင်းခံရမည်

မုအ်မင်န်တို့၏ မိခင်မွန် အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က
ဆင့်ပြန်ခဲ့သည်။ကျွန်မသည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ လူတို့သည်ကိယာမသ်နေ့တွင် ခြေဗလာ၊ အဝတ်ဗလာ၊ ခသ်နဟ်မလုပ်ကြရသေးသူများအဖြစ်နဲ့
စုရုံးစေခြင်းခံရမည်။ ကျွန်မ(အာအိရှဟ်သခင်မ)က "အို- အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်၊ အမျိုးသမီးများနှင့် အမျိုးသားများသည် တစ်ဦး(အရှက်) ကိုတစ်ဦးကြည့်မြင်ကြရမည်လား" ဟုလျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က "အို- အာအိရှဟ်၊ (ကိယာမသ်‌နေ့၏)အခြေအနေမှာ
လူတို့သည် တစ်ဦး(အရှက်)ကိုတစ်ဦး ကြည့်မြင်ခြင်းထက်ပို၍ ပြင်းထန်ပေသည်" ဟု
မိန့်ကြားတော်မူခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ကိယာမသ်နေ့တွင် ဖြစ်ပေါ်မည့်အချို့အခြေအနေများကို ဖော်ပြခဲ့ပြီး၊ လူသားအားလုံးသည် သူတို့၏ကဗရ်သချိုင်းများမှရှင်ပြန်ထ မြောက်စေခြင်းခံရပြီးနောက် ဟိစားဗ် (ပြုလုပ်ခဲ့သည့်လုပ်ရပ်များအတွက်စာရင်းရှင်းရန်) အတွက် စုရုံးကြရမည်ဖြစ်ကာ၊ သူတို့၏အခြေအနေမှာ ဖိနပ်မပါဘဲခြေဗလာဖြင့်၊ အဝတ်အထည် သို့မဟုတ် အကာအရံမပါဘဲ ကိုယ်ဗလာဖြင့်၊ ၎င်းတို့၏ မိခင်များက၎င်းတို့အား မွေးဖွားခဲ့သောနေ့ကအတိုင်းပင် ခသ်နဟ်မလုပ်ကြရ‌သေးသူများအဖြစ်နဲ့ရှိကြမည်ဖြစ်သည်။ မိခင်မွန်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ) ကဤအကြောင်းကိုကြားသိရသောအခါ အံ့အားသင့်စွာဖြင့် လျှောက်ထားမေးမြန်းခဲ့သည်- အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ အမျိုးသမီးနှင့် အမျိုးသားအားလုံးသည် အားလုံးတစ်ဦး(အရှက်)ကိုတစ်ဦး ကြည့်မြင်ကြရမည်လား။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က သခင်မအား ရှင်းပြတော်မူခဲ့သည်မှာ- သေပြီးနောက်ရှင်ပြန်ထမြောက်ခြင်းနှင့် ကိယာမသ်တရားစီရင်မည့်နေ့၏ အခြေအနေများသည်အလွန်ကြောက်မက်ဖွယ်ရာဖြစ်ပြီး၊ လူတို့၏ အာရုံစူးစိုက်မှုနှင့် မျက်စိများကိုအရှက်အင်္ဂါများဘက်သို့ကြည့်ရှုခြင်းမှလွဲဖယ်စေလိမ့်မည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/5460


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee